# မြန်မာနိုင်ငံစားသုံးသူကာကွယ်ရေးကော်မရှင်၏ ၃.၁၂.၂၀၁၉ နေ့စွဲပါ
# ညွှန်ကြားချက်အမှတ် ၂/၂၀၁၉ အရ
# စိုက်ပျိုးရေးသုံးဆေးဖျန်းကိရိယာအမျိုးမျိုး ၏ အညွှန်းစာတွင်
# ဖော်ပြလိုက်နာဆောင်ရွက်ရမည့်
# အသိပေးကြေညာချက်

၁။ အမျိုးအမည် ( ထုတ်ကုန်အမည် )

ဥပမာ – Kubota Knapsack Sprayer, ULV machines Sprayer, Fogging Machines

၂။ အရွယ်အစား၊ အရေအတွက်၊ အသားတင်ပမာဏ

- ဆေးဖျန်းကိရိယာ အမျိုးအစားအလိုက် ဝင်ဆန့်သည့် ပမာဏ

၃။ သုံးစွဲပုံနည်းလမ်း

- မတူညီသော ပိုးသတ်ဆေးဖော်စပ်ပုံအမျိုးအစားများ ( အမှုန့် ၊ အငွေ့နှင့် ရေဖျော်ဆေးရည် ) ပေါ်မူတည်၍ ပြောင်းလဲတပ်ဆင်အသုံးပြုမည့် နော်ဇယ် ( Spray Head ) အမျိုးအစား ဖော်ပြရန်။
- မတူညီသော ပိုးသတ်ဆေး Sprayers အမျိုးအစားများအလိုက် Crop height ( အပင်အမြင့် )၊ လေအလျင် ( wind velocity ) နှင့် ဖျက်ပိုး၏အလေ့အထနှင့် သီးနှံအပေါ်မူတည်၍ သုံးစွဲပုံ နည်းလမ်းများ ဖော်ပြရန်။
- ကိရိယာကို မည်သည့်နေရာတွင် မည်သည့်ဖျက်ပိုးအား မည်မျှသော ဧရိယာ၌ မည်ကဲ့သို့သော ပိုးသတ်ဆေးအမျိုးအစားဖြင့် အသုံးပြုနိုင်မှုများ ဖော်ပြရန်။

၄။ ထားသိုသိမ်းဆည်းမှုအညွှန်း

- ဆေးဖျန်းကိရိယာအား ပိုးသတ်ဆေး ပက်ဖျန်းပြီးတိုင်း သန့်ရှင်းအောင် ပြုလုပ်ရန် ( ရေ ၊ ရေနံဆီ ၊ ဒီဇယ်ဆီ ၊ ဓါတ်ဆီ ) ။

- အသုံးပြုပြီးသော ဆေးဖျန်းကိရိယာများတွင် ဆေးလက်ကျန်များ မရှိစေရ။
- ဆေးဖျန်းကိရိယာမှ ဘက်ထရီအား မကြာခဏ စစ်ဆေးပါ။
- အသုံးပြုပြီးပါက ဆေးဖျန်းစက်များကို အအေးခံပြီးမှ သိမ်းဆည်းပါ။
- ကလေးများ လက်လှမ်းမမှီသည့်နေရာတွင် သိမ်းဆည်းပါ။

၅။ ဓာတ်မတည့်ကြောင်းဖော်ပြချက်

- ဖြစ်နိုင်ခြေရှိပါက အခြားထုတ်ကုန်များနှင့် ရောစပ်အသုံးပြုနိုင်မှု အချက်အလက်များ
- ဓါတ်မတည့်မှုဖြစ်စေနိုင်သည့် လက္ခဏာများကို ဘေးအန္တရာယ် ဖော်ပြချက်ဖြင့် ထားရှိရမည်။
- အခြားလောင်စားစေတတ်သော ဓာတုပစ္စည်းများဖြင့် ရောနှော အသုံးပြုခြင်းများ မပြုလုပ်ရန် ဖော်ပြထားရှိရမည်။

၆။ ကြိုတင်သတိပေးချက် (အန္တရာယ်ကင်းရှင်းရေးဖော်ပြချက်များ) သတိပြုရန်

- မီးလောင်လွယ်သော ပစ္စည်းများနှင့် အစားအသောက်များအနီးတွင် အသုံးမပြုရ။
- ဆေးဖျန်းကိရိယာသည် လုံခြုံကောင်းမွန်ရမည်။
- ပေကျံ၍ ယိုဖိတ်ခြင်းမရှိရ။
- ဆေးဖျန်းကိရိယာထဲမှ ဆေးဖျန်းပြီး လက်ကျန်အား သိမ်းထားခြင်းမပြုရ။
- ဆေးဖျန်းခြင်းမပြုလုပ်မီ အစားအစာများကို ဖယ်ရှားဖုံးအုပ်ထားရမည်။
- ဆေးမဖျန်းမီ ကြိုတင်၍ ဆေးဖျန်းကိရိယာထဲသို့ သန့်စင်သော ရေကိုထည့်၍ နမူနာ ဖျန်းကြည့်ပြီးမှ ပိုးသတ်ဆေးအား ထည့်သွင်းအသုံးပြုပါ။
- အကာအကွယ်ဝတ်စုံများ ( လက်အိတ် ၊ မျက်နှာဖုံး ၊ နှာခေါင်းစည်း ) ဝတ်ဆင်ပါ။
- အသုံးပြုပြီးနောက် ယိုကျလာ၍ ပိုးသတ်ဆေးများ ထိမိပေကျံသော အဝတ်အစား များအား သေချာစွာ ဆေးကြောပါ။

- တိရိစ္ဆာန်များ၊ ငှက်များ၊ အိမ်မွေးတိရိစ္ဆာန်များ၊ ကလေးများကို အဆိပ်ငွေ့ မှိုင်းတိုက်ထားသောနေရာ (သို့မဟုတ်) ပစ္စည်းများ (သို့မဟုတ်) အဆိပ်ငွေ့မှိုင်းတိုက်ပြီး လေဝင်လေထွက် ကောင်းအောင် ပြုလုပ်ထားသော နေရာမှ ဝေးရာတွင် ရှိစေပါ။

၇။ ဘေးထွက်ဆိုးကျိုး

- အကယ်၍ ပိုးသတ်ဆေးများ ယိုဖိတ်ခြင်းကြောင့် အဆိပ်သင့်မှု ဘေးအန္တရာယ် ဖြစ်ပေါ်ပါက အညွှန်းစာပေါ်တွင် အရေးပေါ်ရှေးဦးသူနာပြုစုနည်း ကုသနည်းများကို ဖော်ပြပေးရန်လိုအပ်ပါသည်။
- ပျက်စီးယိုယွင်းနေသော ဆေးဖျန်းကိရိယာများကို အသုံးပြုမိပါက လူနှင့် ပတ်ဝန်းကျင်အား အဆိပ်သင့်နိုင်မှု ဖြစ်ပေါ်ကာ ဓာတ်ကြွင်းဆိုင်ရာပြဿနာများ ဖြစ်ပေါ်စေနိုင်ပါသည်။
- အသုံးပြုပြီးသူ၏ အသားအရေပေါ်သို့ ပိုးသတ်ဆေးများ ထိတွေ့ဝင်ရောက်၍ အဆိပ်သင့်မှု အန္တရာယ်ဖြစ်စေနိုင်သောကြောင့် ဆေးထိသော အသားအရေကို ရေနှင့် သေချာစွာ ဆေးကြောပါ။
- ဆေးဖျန်းနေစဉ် ပိတ်ဆို့နေသော နော်ဇယ်ခေါင်းအား ပါးစပ်နှင့်မှုတ်လျှင် လူ၏ ခန္ဓာကိုယ်အတွင်းသို့ ပါးစပ်မှတစ်ဆင့် ဝင်ရောက်ခြင်းအားဖြင့် အဆိပ်သင့်မှု အန္တရာယ်ဖြစ်စေနိုင်သည်။